Burmese | မြန်မာ

# ၂၀၂၆ ခုနှစ်၊ ၇ တန်းအတွက် အစိုးရကျောင်းတွင် ကျောင်းအပ်ခြင်း

သင့်ကလေးအား ၇ တန်းတွင် ကျောင်းအပ်ခြင်းသည် ကလေးများ၏ ပညာရေးအတွက် အရေးကြီးသောအဆင့် ဖြစ်ပါသည်။ ဗစ်တိုးရီးယားတွင် သင့်ကလေးသည် ၎င်းတို့အတွက် သတ်မှတ်ထားသောရပ်ကွက်အတွင်း အစိုးရကျောင်း ('ဒေသခံကျောင်း') တွင် ကျောင်းအပ်ပိုင်ခွင့်ရှိသည်။ သင့်ဒေသခံကျောင်းအား သင့်လိပ်စာအတိုင်း ကျောင်းနယ်မြေ အရ ဆုံးဖြတ်ပါသည်။ သင့်ဒေသခံကျောင်းမဟုတ်သောကျောင်းသို့လည်း လျှောက်ထားနိုင်သည်။ ထိုကျောင်းတွင် နေရာလွတ်ရှိပါက လက်ခံပါသည်။

## မိမိ၏ကလေးကို ၂၀၂၆ ခုနှစ်၊ ၇ တန်းအတွက် မည်သို့စာရင်းသွင်းနိုင်မည်နည်း။

သင့်ကလေး၏မူလတန်းကျောင်းက သင့်အား ၇ တန်း ကျောင်းရွေးချယ်မှု လျှောက်လွှာပုံစံပေးမည်ဖြစ်ပြီး၊ ထိုလျှောက်လွှာကို ဖြည့်စွက်၍ **သောကြာနေ့၊ ၉ ရက် မေလ ၂၀၂၅ ခုနှစ်** နောက်ဆုံးထား၍ ပြန်ပေးရပါမည်။ ထိုပုံစံကို ဤဝဘ်ဆိုက်တွင်လည်း ရှာဖွေနိုင်ပါသည်- vic.gov.au/moving-primary-secondary-school-information-parents-and-carers။

ထိုလျှောက်လွှာပုံစံတွင် သင်နှစ်သက်ရာ အစိုးရအထက်တန်းကျောင်း ၃ ကျောင်းအထိ စာရင်းတင်သွင်းနိုင်ပါသည်။ ခရစ်ယန် သို့မဟုတ် ပုဂ္ဂလိကကျောင်း တက်လိုပါက၊ သင်က ကျောင်းအပ်ခြင်းပုံစံနောက်တစ်မျိုးကို လိုက်နာရပါမည်။ ထိုကျောင်းများ၏ ဝဘ်ဆိုဒ်တွင် သတင်းထုတ်ပြန်ချက်များကို သင်ရှာဖွေနိုင်ပါသည်-

- ခရစ်ယန်ကျောင်းများ- vcea.catholic.edu.au/choosing-a-catholic-school/
- ပုဂ္ဂလိကကျောင်းများ- is.vic.edu.au/independent-schools/

## မိမိနယ်မြေအတွင်း ဒေသခံကျောင်းနှင့် အခြားကျောင်းများကို မည်ကဲ့သို့ရှာဖွေနိုင်မည်နည်း။

Find my School ဝဘ်ဆိုက်တွင်ရှိသော ရှာဖွေရန်ကို အသုံးပြု၍ သင်ရှိနေသောနေရာတွင်းရှိ ဒေသခံကျောင်းကို ရှာဖွေနိုင်သည်-

1. သင့်အင်တာနက်တွင် findmyschool.vic.gov.auကို ရိုက်ထည့်ပါ။
2. 'Enter your address to get started' အောက်တွင် သင့်လက်ရှိလိပ်စာကို ထည့်သွင်းပါ။
3. 'Enrolment year' အောက်တွင် ၂၀၂၆ ကို ရွေးချယ်ပါ။
4. 'School type' အောက်တွင် 'Secondary' နှင့် '7' ကို ရွေးချယ်ပါ။

ထို့နောက် မြေပုံက သင်ရှိနေသောနေရာတွင်းရှိ ဒေသခံကျောင်းကို ပြသပါမည်။ ထိုကျောင်းသို့ဆက်သွယ်ရန် အချက်အလက်များကို မြေပုံ၏ဘယ်ဘက်တွင် ရနိုင်ပါသည်။ အောက်သို့ ဆက်ဆင်းသွားပါက သင့်လိပ်စာနှင့်အနီးဆုံး အစိုးရကျောင်းငါး ကျောင်းစာရင်းကို သင်တွေ့ရပါမည်။

## မိမိတို့၏ ဒေသခံကျောင်း မဟုတ်သော အစိုးရအထက်တန်းကျောင်းသို့ လျှောက်ထားနိုင်ပါသလား။

လျှောက်နိုင်ပါသည်၊ သင့်ဒေသခံ (နယ်မြေအတွင်း) ကျောင်းမဟုတ်သောအခြားကျောင်းများသို့ လျှောက်ထားနိုင်ပါသည်။ ထိုကျောင်းတွင် နေရာလွတ်ရှိပါက သင့်ကလေးကို လက်ခံပါသည်။

## ကျောင်းများက လျှောက်လွှာများကို မည်ကဲ့သို့ ဦးစားပေးရွေးပါသလဲ။

ကျောင်းများသည် ၎င်းတို့၏နယ်မြေအတွင်း နေထိုင်သော ကျောင်းသားအားလုံးကို လက်ခံပါသည်။ ကျောင်းများတွင် နေရာလွတ် ရှိသေးပါက၊ ၎င်းတို့၏နယ်မြေပြင်ပနေ ကျောင်းသားများကို လက်ခံနိုင်ပါသည်။

ကျောင်းတစ်ကျောင်းသည် ၎င်းတို့၏နယ်မြေပြင်ပနေကျောင်းသားအားလုံးကို လက်မခံနိုင်ပါက၊

1. ထိုကျောင်းတွင် စာသင်နေဆဲဖြစ်သော ညီအကိုမောင်နှမနှင့် လိပ်စာတူ ကျောင်းသားများကို ဦးစားပေး ရွေးချယ်ပြီးနောက်
2. ကျန်ကျောင်းသားများအားလုံးကို အိမ်နှင့် ကျောင်း အကွာအဝေးပေါ် မူတည်၍ ဆုံးဖြတ်သည်။

ကျောင်းနယ်မြေပြင်ပနေ ကျောင်းသားများကို အခြေအနေအချို့တွင် စာနာရိုင်းပင်းမှုအရလည်း ကျောင်းလက်ခံရန် ထည့်သွင်း စဉ်းစားနိုင်ပါသည်။

## လျှောက်လွှာတင်ပြီးနောက် မိမိ၏ အကြောင်းအချက်များ ပြောင်းလဲသွားပါက ဘာလုပ်ရမည်နည်း။

သင့်ကလေး၏ မူလတန်းကျောင်းသို့ အမြန်ဆုံးဆက်သွယ်ပါ၊ သူတို့က သင့်ပုံစံကို ပြင်ဆင်ပေးပါမည်။

## မိမိတက်လိုသော အထက်တန်းကျောင်းမှ လက်ခံစာမရရှိခဲ့ပါက အသနားခံစာ တင်နိုင်ပါသလား။

ဟုတ်ကဲ့၊ သင်တက်လိုသော အထက်တန်းကျောင်းသို့ အသနားခံစာတင်နိုင်ပါသည်။ အသနားခံစာတင်သွင်းရာတွင် ပညာရေး ဌာန၏ အသနားခံစာပုံစံကို သင်အသုံးပြုနိုင်ပါသည်။ သင့်ကလေး၏ မူလတန်းကျောင်းက အသနားခံစာတင်ခြင်း လုပ်ငန်းစဉ် ဆိုင်ရာ ထုတ်ပြန်ချက်များပါဝင်သည့် ထိုပုံစံကို သင့်အား ပေးပါမည်။

## ၇ တန်း ကျောင်းရွေးချယ်မှုနှင့် ပတ်သက်သည့် နောက်ထပ်ထုတ်ပြန်ချက်များကို မည်သည့်နေရာတွင် ရှာနိုင်မည်နည်း။

၇ တန်း ကျောင်းရွေးချယ်မှုနှင့် ပတ်သက်သည့် နောက်ထပ်ထုတ်ပြန်ချက်များကို အွန်လိုင်းရှာနိုင်ပါသည်- vic.gov.au/moving-primary-secondary-school-information-parents-and-careers . ဤထုတ်ပြန်ချက်မိတ္တူအတွက် သင့်ကလေး၏ မူလတန်းကျောင်းမှလည်း တောင်းခံနိုင်ပါသည်။

ဤထုတ်ပြန်ချက်ဘာသာပြန်ရာတွင် အကူအညီ လိုအပ်ပါက သင့်ကလေး၏ မူလတန်းကျောင်းသို့ ဆက်သွယ်ပါ။

## အကူအညီရရန် မည်သူ့ကို ဆက်သွယ်ရမည်နည်း။

၆ တန်း ညှိနှိုင်းရေးမှူး၊ ကျောင်းပြောင်းလဲခြင်းညှိနှိုင်းရေးမှူး သို့မဟုတ် သင့်ကလေး၏ မူလတန်းကျောင်းအုပ်တို့သည် ၇ တန်း ကျောင်းရွေးချယ်မှုအကြောင်းမေးခွန်းများကို ကူညီဖြေဆိုပေးနိုင်ပါသည်။

## အသုံးဝင်သော အချိတ်အဆက်များ

မိမိကျောင်းကို ရှာရန် – findmyschool.vic.gov.au

ကျောင်းနယ်မြေများ – vic.gov.au/school-zones

ကျောင်းအပ်ခြင်း- vic.gov.au/how-choose-school-and-enrol

အထက်တန်းကျောင်းပြောင်းရွှေ့ခြင်း – vic.gov.au/moving-primary-secondary-school-information-parents-and-careers

မသန်စွမ်းသူနှင့် လူတိုင်းအတွက် ပညာရေး – vic.gov.au/disability-and-inclusive-education

## အထွေထွေ စုံစမ်းမေးမြန်းမှုများ

အီးမေးလ်- enquiries@education.vic.gov.au

ဖုန်း : ၁၈၀၀ ၃၃၈ ၆၆၃

## ၂၀၂၅-၂၆ ခုနှစ်အတွက်အချိန်ဇယား

| ၂၀၂၅ ခုနှစ် ရက်များ | လုပ်ဆောင်ရန် |
|---|---|
| **၂၄ ဧပြီ ၂၀၂၅ ကြာသပတေးနေ့ နောက်ဆုံးထား၍** | မူလတန်းကျောင်းများသည် ၆ တန်းမှ ၇ တန်း ကျောင်းရွေးချယ်မှုသတင်းထုတ်ပြန်ချက်ကို ၆ တန်း ကျောင်းသားမိသားစုများအား ပေးအပ်ပါမည်။ ဤထုတ်ပြန်ချက်တွင် ၇ တန်း ကျောင်းရွေးချယ်မှု ၂၀၂၆ လျှောက်လွှာ ပါဝင်ပါသည်။ |
| **၉ မေ ၂၀၂၅ သောကြာနေ့ နောက်ဆုံးထား၍** | **မိဘများနှင့် ကလေးတာဝန်ယူသူများသည် ၇ တန်း ကျောင်းရွေးချယ်မှု ၂၀၂၆ လျှောက်လွှာကို ကလေးမူလတန်းကျောင်းသို့ တင်သွင်းရမည်။** သင့်ကလေးသည် လက်ရှိတွင် အိမ်ကျောင်းတက်နေပါက သို့မဟုတ် အစိုးရကျောင်းမဟုတ်သော မူလတန်းကျောင်းတွင် တက်ရောက်နေပါက၊ သင် တက်လိုသော အစိုးရအထက်တန်းကျောင်းသို့ လျှောက်လွှာကို တိုက်ရိုက်တင်သွင်းပါ။ |
| **၁ ဇူလိုင် ၂၀၂၅ အင်္ဂါနေ့** | **မိဘများနှင့် ကလေးတာဝန်ယူသူများထံ ၂၀၂၆ စာသင်နှစ်အတွက် ၎င်းတို့ကလေး၏ ၇ တန်း ကျောင်းရွေးချယ်မှု ကမ်းလှမ်းချက်ကို စာဖြင့်အကြောင်းကြားပါမည်။** |
| ၂၅ ဇူလိုင် ၂၀၂၅ သောကြာနေ့ | မိဘများနှင့် ကလေးတာဝန်ယူသူများအတွက် ၎င်းတို့ တက်လိုသော အထက်တန်းကျောင်းသို့ အသနားခံစာတင်သွင်းရန် နောက်ဆုံးရက်။ |
| ၅ ဩဂုတ် ၂၀၂၅ အင်္ဂါနေ့ နောက်ဆုံးထား၍ | မိဘများနှင့် ကလေးတာဝန်ယူသူများထံ အထက်တန်းကျောင်းများက ၎င်းတို့၏ အသနားခံစာ အဖြေကို ဤရက်စွဲနောက်ဆုံးထား၍ စာဖြင့်အကြောင်းကြားပါမည်။ |
| **၁၂ ဩဂုတ် ၂၀၂၅ အင်္ဂါနေ့ နောက်ဆုံးထား၍** | **မိဘများနှင့် ကလေးတာဝန်ယူသူများသည် ၇ တန်း ကျောင်းရွေးချယ်မှု လက်ခံကြောင်းကို ကလေး၏မူလတန်းကျောင်းသို့ အကြောင်းပြန်ရမည်။** |
| ၁၉ ဩဂုတ် ၂၀၂၅ အင်္ဂါနေ့ | မိမိတို့တက်လိုသော အထက်တန်းကျောင်းသို့ ၎င်းတို့၏အသနားခံမှု တင်သွင်းမှု မအောင်မြင်ပါက၊ မိဘ၊ ကလေးတာဝန်ယူသူများ ဒေသဆိုင်ရာညွှန်ကြားရေးမှူးထံ အသနားခံစာတင်ရန် နောက်ဆုံးရက်။ |
| ၁၀ အောက်တိုဘာ ၂၀၂၅ သောကြာနေ့ | ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးသို့ တင်သွင်းသော အသနားခံစာ၏ရလဒ်ကို အကြောင်းကြားပါမည်။ |
| **၉ ဒီဇင်ဘာ ၂၀၂၅ အင်္ဂါနေ့** | **အထက်တန်းကျောင်းများက ၆ တန်းကျောင်းသားများအတွက် ကျောင်းသားသစ်မိတ်ဆက်ပွဲကို ကျင်းပပါမည်။** |